တူဒေးစာအုပ်တိုက်

孫子兵法

အသေးစား စီးပွားရေးလုပ်ငန်းအတွက်

# သေနင်္ဂဗျူဟာ

ဇော်ဝင်းကြူ (ပျဉ်းမနား)

The

# ART of WAR for SMALL BUSINESS

# ထုတ်ဝေသူအမှာ

တရုတ်တွေးခေါ်ပညာရှင်ကြီး ကွန်ဖြူးရှပ်နှင့် တစ်ပြိုင်တည်းပေါ်ထွန်းခဲ့သော တရုတ်စစ်ဗိုလ်ချုပ်ကြီးဆွန်ဇူးကို လူတိုင်းသိကြပေမည်။ သူသည် မိမိတပ်ထက် အင်အား ကြီးသည် ဖြစ်စေ ငယ်သည် ဖြစ်စေ နည်းစနစ်ကျကျ မဟာဗျူဟာကျကျ ယှဉ်ပြိုင်တိုက်ခိုက် အနိုင်ယူနိုင်စွမ်းရှိသောကြောင့် ပြိုင်စံရှားသော စစ်ဗိုလ်ချုပ်ဖြစ်သည် ။ သူ၏ သေနင်္ဂဗျူဟာ စာအုပ်ကို ခေတ်အဆက်ဆက်မှ ယနေ့တိုင် စစ်ဗိုလ်ချုပ်များ သာမက နယ်ပယ်စုံမှ ပညာရှင်များက ရှုထောင့်အမျိုးမျိုးမှ လေ့လာအသုံးချနေကြသည် ။ အမေရိကန်တစ်နိုင်ငံလုံးက MBA သင်တန်းများ သာမက နိုင်ငံပေါင်းစုံတွင် လုပ်ကိုင်နေကြသော ကော်ပိုရေးရှင်းကြီးများက စီးပွားရေးလုပ်ငန်းကို စစ်ပွဲကြီးများ ပမာ တင်စားကာ လေ့လာကြသည် ။ အထူးသဖြင့် အသေးစားစီးပွားရေးလုပ်ငန်းများ အတွက် များ စွာအကျိုးပြုနေသည် ။

အသေးစားစီးပွားရေးလုပ်ငန်းများ အတွက် သေနင်္ဂဗျူဟာစာအုပ်သည် ဧရာမလုပ်ငန်းကြီးများကို အံတုဖက်ပြိုင်ပြီး တစ်နေ့သောအခါ သူတို့ ၏ လုပ်ငန်းကို အင်အားကြီး များ သောအဖွဲ့အစည်းကြီးဖြစ်ရန် ကြိုးစားနေသော၊ ယခုလက်ရှိ စွန့်ဦးတီထွင်သူများ နှင့် အသေးစားလုပ်ငန်းရှင်များ အတွက် လုပ်ရမည့် လုပ်ငန်းစဉ်၊ လိုက်နာရမည့် စည်းကမ်း၊ ထ

ည့်သွင်းစဉ်းစားရမည့် သတင်းအချက်အလက်များ ၊ အကောင်အထည် ဖော်ဆောင်ရွက် ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဆွန်ဇူး၏ သေနင်္ဗျူဟာများ ဖြင့် ချိန်ထိုး နည်းပေးလမ်းပြ ထားသောစာအုပ်ဖြစ်သည် ။ အောင်မြင်သောဖြစ်ရပ်များကို သာဓကထားပြီး အသေးစား တပ်ဖွဲ့များ အတွက် အသုံးပြုရန်ရည်ရွယ်ထားသော ဆွန်ဇူး၏ အပြောင်မြောက်ဆုံး လက်ရာ အပေါ် ကျယ်ကျယ်ပြန့်ပြန့် ပြည့်ပြည့်စုံစုံ လေ့လာမှုပြုထားသ ည့် စာအုပ်ဖြစ်သည် ။

သူများ ထက်ပိုပြီး သေးငယ်သည့် အင်အားစုများက မိမိထက်အင် အားပိုမိုကြီး သောအင်အားစုများကို လွှမ်းမိုးချုပ်ကိုင်နိုင်ပြီး ပိုပြီးခိုင်မာ တောင့်တင်းသော၊ ပိုပြီးအစွန့် ရှည်ပြီး ပိုပြီးအောင်မြင်သော စီးပွားရေး လုပ်ငန်းတစ်ခုကို တည်ဆောက်နိုင်ရန် လိုအပ် သောနည်းဗျူဟာများကို နည်းပေးလမ်းပြထားသော ဤစာအုပ်ကို အသေးစားစီးပွားရေး လုပ်င န်းများ အတွက် စီစဉ်ထုတ်ဝေလိုက်ပါသည် ။

**တူဒေးစာအုပ်တိုက်**

*

# နိဒါန်း

ထူးချွန်ပြောင်မြောက်တဲ့ မဟာဗျူဟာပါရမီရှင် 'ဆွန်ဇူး' ဟာ ဒီနေ့အထိ ကျွန်တော်တို့ နဲ့ အတူ ရှိနေသေးတယ်လို့ တွေးကြည့်လိုက်ပါ။ သူဟာ စစ်ပညာဝါရင့်စစ်သား၊ စစ်သမီးပေါင်း များ စွာလိုပဲ သူ့ဘဝရဲ့ နောက်ပိုင်းမှာ CEO တစ်ယောက်အဖြစ်၊ ဒါမှ မဟုတ် အသေးစား စီးပွားရေးလုပ်ငန်းကလေးတစ်ခုရဲ့ အမှုဆောင်အဖွဲ့ဝင်တစ်ယောက်အဖြစ် စီးပွားရေး လောကထဲကို ဝင်ရောက်လာခဲ့တယ်ဆိုပါတော့။ သူဟာ သူ့ရဲ့ စစ်တိုက်ဖို့ နဲ့ ငြိမ်းချမ်းရေး ယူဖို့ ဆိုတဲ့ သေနင်္ဂဗျူဟာ ဆီက အခြေခံသဘောတရားတွေကို သူ့ရဲ့ အသေးစား စီးပွားရေး လုပ်ငန်းကလေးအတွက် လိုက်လျောညီထွေဖြစ်အောင် ပြောင်းလဲပြီး အင်ပါယာကြီးတစ်ခု ဖြစ်လာအောင် ဘယ်လိုများ တည်ဆောက်မလဲ။

ဒါဟာ ဒီ 'အသေးစားစီးပွားရေးလုပ်ငန်းအတွက်သေနင်္ဂဗျူဟာ' စာအုပ်ရဲ့ အနှစ်သာရဖြစ်တဲ့ မေးခွန်း ဖြစ်ပါတယ်။

ဆွန်ဇူးရဲ့ ဂန္ထဝင်မြောက်တဲ့ သေနင်္ဂဗျူဟာစစ်ဆင်ရေးသဘောတရားတွေဟာ အချိန်ကာလအားဖြင့် အကန့်အသတ် မရှိပါဘူး။ ဒီသဘောတရားတွေကို အသုံးပြုကြတဲ့ ကုမ္ပဏီတွေနဲ့ အမှုဆောင်တွေက ဒီသဘောတရားတွေကို လိုက်လျောညီထွေဖြစ်အောင် ပြုပြင်ပြောင်းလဲပြီး နေ့စဉ်အသက်သွင်းပေးနေပါတယ်။ ခိုင်မာတဲ့ မဟာဗျူဟာသမား တွေဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂,၅၀၀ ကျော်က ပညာရှိကြီးရဲ့ စကားလုံးတွေ

ထဲမှာ ရှိတဲ့ မဟာဗျူဟာရဲ့ မူရင်းတွေကို အသေအချာမှတ်မိတာမဟုတ်ဘဲ ဆွန်ဇူးကို အကြိမ်ကြိမ် အသက်သွင်းပေးနေကြပါတယ်။ ဆွန်ဇူးရဲ့ လမ်းညွှန်ချက်ကို လေ့ လာပြီး၊ အဲဒီလမ်းညွှန် ချက်ကို အခုထက် ပိုပြီးရည်ရွယ်ချက်ရှိရှိ အသုံးချနိုင်မယ်ဆိုရင် သူတို့ ဘယ်လောက်များ ပိုပြီး ထိရောက်မှုရှိကြမလဲ။ သူတို့ ဘယ်လောက်များ ပိုပြီး ထိရောက်မှုရှိကြမလဲ ။

အသေးစားစီးပွားရေး လုပ်ငန်းခေါင်းဆောင်တွေဟာ သူတို့ ထက်ပိုကြီးတဲ့ ၊ ပိုပြီး အခိုင်အမာတည်ဆောက်ထားတဲ့ ရန်သူပြိုင်ဘက်တွေထက် ပိုပြီးချက်ချာပါးနပ်ရပါမယ်။ ပိုပြီးပိပိရိရိ ရှိရပါမယ်။ အင်အားကြီးတဲ့ ပြိုင်ဘက်တွေနဲ့ ဓားကိုဓားချင်း၊ လှံကိုလှံချင်း၊ တန်းတူရင်ဆိုင်ဖို့ ကြိုးစားရင်တော့ သူတို့ ရှုံးသွားမှာ ဖြစ်ပါတယ်။ သူတို့ အတွက် အခြေ အနေပေးမယ့်အချိန်ကို ထိုင်စောင့်နေရင်လည်း သူတို့ တဖြည်းဖြည်းလုံးပါးပါးသွားမှာ ပါပဲ။ ဒီအချက်ဟာ အထူးသဖြင့် သေးငယ်ပြီး အမြတ်ပမာဏနည်းတဲ့ အပြင် အပြိုင်အဆိုင်ရှိတဲ့ လုပ်ငန်းတွေအတွက် ပိုပြီးမှန်ပါတယ်။ အသေးစားလုပ်ငန်းတွေဟာ အလွန်ချို့တဲ့ တဲ့ ဘတ် ဂျက်၊ အလွန်နည်းပါးတဲ့ အရင်းအမြစ်တွေနဲ့ အနိုင်တိုက်ပြီး အောင်မြင်မှုကို ရယူရပါမယ်။ သူ့ရဲ့ လမ်းညွှန်ချက်တွေကိုသာ အဓိပ္ပာယ်ကောင်းကောင်း ဖော်ပြီး ကောင်းကောင်း ရှင်းပြနိုင်မယ်ဆိုရင် အသေးစားစီးပွားရေးလုပ်ငန်းခေါင်းဆောင်တွေအနေနဲ့ သူတို့ရဲ့ ပြိုင်ဘက်တွေကို အနိုင်ယူပြီး သူတို့ ရဲ့ စျေးကွက်တွေကို ချုပ်ကိုင်စိုးမိုးနိုင်မယ့် နက်နဲတဲ့ ထိုးထွင်းအမြင်တွေကို ဆွန်ဇူးကပေးပြီး သူတို့ ရဲ့ ကြိုးပမ်းမှုတွေကို လမ်းညွှန် လှုံ့ဆော်ပေးလိမ့်မယ်ဆိုတာကတော့ ဧရာမသတင်းကောင်းကြီး ဖြစ်ပါတယ်။

ဆွန်ဇူးနဲ့ ဆီလျော်မှုရှိတယ်ဆိုတာကို အတတ်နိုင်ဆုံးပြဖို့ အတွက် ဒီ

အသေးစား စီးပွားရေးလုပ်ငန်းအတွက်သေနင်္ဗျူဟာ စာအုပ်ထဲမှာ အသေးစားစီးပွားရေးလုပ်ငန်း တွေက လက်တွေ့ကျင့်သုံးခဲ့တဲ့ သူ့ရဲ့ မဟာဗျူဟာနမူနာတွေကို ဖြည့်စွက် ထည့်သွင်းပေးထားပါတယ်။ (အားလုံးမဟုတ်သည့် တိုင်) ကိစ္စအများ စုမှာ လုပ်ငန်းလက်တွေ့ လုပ်ကိုင်သူတွေက ကျွန်တော်တို့ ရဲ့ သူရဲကောင်းကြီးကို အတုယူခဲ့တာဟာ အမှတ်မထင်ဖြစ်ခဲ့ပေမဲ့ သူတို့ ရဲ့ ကြိုးပမ်းမှုတွေအတွက် သူတို့ ရခဲ့တဲ့ ဆုလာဘ်တွေကတော့ အတူတူပါပဲ။ ဒီလိုလုပ်ငန်းတွေထဲက တချို့ဟာ သူတို့ ရဲ့ ဆင့်ကဲဆင့်ကဲ တိုးတက်ပြောင်းလဲမှုဖြစ်စဉ်ရဲ့ နောက်ပိုင်းမှာ အရှုံးနဲ့ ရင်ဆိုင်ကောင်း ရင်ဆိုင်ခဲ့ရမှာ ဖြစ်ပြီး တချို့က အနာဂတ်မှာ ယာယီဖြစ်စေ၊ အမြဲတမ်းဖြစ်စေ ဂုဏ်သိက္ခာကျဆင်းကောင်း ကျဆင်းသွားနိုင်ပါတယ်။ ဒါပေမဲ့ အနာဂတ် မှာ ကြုံတွေ့ရမယ့်အန္တရာယ်တွေဟာ လေ့လာသင်ယူထိုက်ပြီး အတုယူကောင်းယူရမယ့် လုပ်ဆောင်မှုတွေနဲ့ တခြားစီဖြစ်ပါတယ်။ အဲဒီနှစ်မျိုးကို ရောထွေးမပစ်စေချင်ပါဘူး။

ဒီ အသေးစားစီးပွားရေးလုပ်ငန်းအတွက် သေနင်္ဗျူဟာ စာအုပ်ဟာ ဧရာမ လုပ်ငန်းကြီးတွေကို အံတုဖက်ပြိုင်ပြီး တစ်နေ့သောအခါမှာ သူတို့ ရဲ့ လုပ်ငန်းကို အင်အား ကြီးမားတဲ့ အဖွဲ့အစည်းဖြစ်လာဖို့ ကြိုးစားနေတဲ့ ၊ ရည်ရွယ်ချက်ကြီးမားတဲ့ ၊ အခုလက်ရှိစွန့်ဦး တီထွင်သူတွေနဲ့ အသေးစားစီးပွားရေးလုပ်ငန်းရှင်တွေအတွက်ဖြစ်ပါတယ်။ ဒီစာအုပ်ဟာ 'ဆွန်ဇူး' ကို လေ့ လာပြီး သူများ ထက်ပိုပြီးသေးငယ်တဲ့ အင်အားစုတွေအတွက် ပြိုင်ဘက် ကင်းတဲ့ ဆီလျော်အောင်ပြုပြင်မှုအသစ်တစ်ခုကို ရှာဖွေနေသူတွေအတွက်လည်း ဖြစ်ပါတယ်။ ဒီစာအုပ်ဟာ အောင်မြင်တဲ့ ဖြစ်ရပ်တွေကိုသာ‌ကေထားပြီး အသေးစားတပ်ဖွဲ့ ကလေးတွေအတွက် အသုံးပြုဖို့ ရည်ရွယ်ထားတဲ့ ဆွန်ဇူးရဲ့ အပြောင်မြောက်ဆုံးလက်ရာ အပေါ် ကျယ်ကျယ်ပြန့်ပြန့် ပြည့်ပြည့်စုံစုံ လေ့လာမှုတစ်ခုဖြစ်ပါတယ်။

သေနင်္ဂဗျူဟာ စာအုပ်ဟာ စိုးမိုးချုပ်ကိုင်နိုင်ဖို့ အတွက် သူများ ထက် ပိုပြီးသေးငယ်တဲ့ အင်အားစုတွေက အသုံးပြုနိုင်တဲ့ ဗျူဟာစာအုပ်တစ် အုပ်နဲ့ တော်တော်တူပါတယ်။ ဒီစာအုပ်ဟာ အဲဒီ သေနင်္ဂ ဗျူဟာကို အ သုံးပြုဖို့ အတွက် သင့်ရဲ့ လမ်းညွှန်စာအုပ်ဖြစ်ပါတယ်။

## ဆွန်ဇူးနှင့် ဂျူဂျစ်ဆူ ပညာ

ကျွန်တော်ဟာ ကျွန်တော်ရဲ့ ပထမဆုံးကိုယ်ခံပညာသင်ခန်းစာကို ၁၉၉၀ ပြည့်နှစ် မှာ သင်ယူခဲ့ပါတယ်။ အဲဒီတုန်းက ကျွန်တော့်အသက်က ၁၅ နှစ်ဖြစ်တဲ့ အတွက် အဲဒီ အလုပ်မျိုးကိုလုပ်ရမယ့်အချိန်ပါပဲ။ လူအများ စုဟာ ကာရာတေး၊ တိုက်ကွမ်ဒို၊ ဂျူဂျစ်ဆူ၊ ဒါမှ မဟုတ် တခြားကိုယ်ခံပညာတစ်ခုခုကိုသင်ယူကြပြီး အဲဒီကိုယ်ခံပညာကို သ ဘောကျရင် အဲဒီပညာမှာ ခါးပတ်နက်လိုချင်တယ်လို့ ထုတ်ပြောကြပါ တယ်။ ကျွန်တော်ကတော့ အဲဒီ လို မဟုတ်ပါဘူး။ ကိုယ်ခံပညာတွေကို ကျွန်တော်တတ်ချင်တယ်ဆိုတာကို ကျွန်တော့်ကိုယ် ကျွန်တော် သိခဲ့တာ က Rising Sun ကာရာတေးကလပ်အသင်းမှာ ပထမဆုံး 'တန်ဆူဒို' သ င်ခန်းစာကို စသင်တဲ့ အချိန်ပဲဖြစ်ပါတယ်။ အဲဒီကလပ်အသင်းဟာ အခု မရှိတော့ပါဘူး။ ကျွန်တော်ဟာ သင်ယူချင်ခဲ့တယ်။ လေ့ကျင့်ချင်ခဲ့တယ် ။ ပြန်ပြီးသင်ပေးချင်ခဲ့ပါတယ်။ တစ်နေ့ကျရင် ကျွန်တော့်ရဲ့ ကိုယ်ပိုင် ကျောင်းကို ထောင်ချင်တယ်ဆိုတာကို အဲဒီပထမဆုံး ညမှာ ပဲ ကျွန် တော် သိခဲ့ပါတယ်။ အနှစ် ၂၀ ကျော်လာခဲ့ပြီး ခါးပတ်နက်တချို့ကို ရပြီး တဲ့ အခါမှာ တော့ ကျွန်တော့်ရဲ့ အိပ်မက်တွေ အကောင်အထည်ပေါ် လာ ပြီလို့ ပြောနိုင်တဲ့ အတွက်၊ အဲဒီပြင်းပြတဲ့ ဆန္ဒဟာ ရှေ့ဆက်ပြီးလည်း ရှ င်သန်သွားနိုင်တယ်ဆိုတာတွေကို ပြောနိုင်တဲ့ အတွက် ကျွန်တော် ဝမ်း သာကျေနပ်ပါတယ်။ ကျွန်တော့်ရဲ့ အိမ်က သင်တန်းခန်း ကလေးထဲမှာ

လက်ရွေးစင်သင်တန်းသားတစ်စုကို ကျွန်တော် သင်ကြားပေးပါတယ်။ ဒါပေမဲ့ ဇာတ်လမ်းက စီစဉ်ထားတဲ့ အတိုင်း ဖြစ်မလာခဲ့ပါဘူး။

အဲဒီစောစောပိုင်းအချိန်တွေတုန်းက အင်မတန်ကောင်းတဲ့ ကာရာတေးကျောင်း တစ်ကျောင်းကို ကံကောင်းထောက်မစွာနဲ့ ကျွန်တော် ရှာတွေ့ခဲ့ပါတယ်။ အဲဒီကျောင်းကို John Weaver နဲ့ Jack Lynch ဆိုတဲ့ အင်မတန်တော်တဲ့ နည်းပြနှစ်ယောက်က ကိုင်တွယ်ခဲ့ပြီး အခု ဆိုရင်တော့ သူတို့ နှစ်ယောက်စလုံး သင်ကြားရေးက အနားယူခဲ့တာကြာပါပြီ။ ကျွန်တော့်ရဲ့ ကိုယ်ခံပညာလိုက်စားမှုကို သူတို့ နှစ်ယောက်က အစပျိုးပေးခဲ့တာဖြစ်ပါတယ်။ ကျွန်တော်ဟာ ကာရာတေးပညာကို အလွန်အမင်းစွဲလမ်းပြီး တအားပြင်းပြင်းထန်ထန် လေ့ကျင့်ခဲ့ပါတယ်။ ကျွန်တော်က ငယ်ပြီး အကြောပျော့တဲ့ အတွက် အကန်တွေ လက်သီးထိုး တွေမှာ အင်မတန်ကောင်းခဲ့ပါတယ်။ ကျွန်တော်ဟာ Kata လို့ ခေါ်တဲ့ နေ့စဉ်မှန်မှန် လေ့ကျင့် ရတဲ့ လှုပ်ရှားမှုတစ်ခုမှာ လည်း တော်တော်ကျွမ်းပါတယ်။ တိုက်ခိုက်ရမှာ ကို ကျွန်တော် မကြောက်ပါဘူး။ နာကျင်အောင် တိုက်ခိုက်ခံရမှာ ကိုလည်း မကြောက်ပါဘူး။ ဒါပေမဲ့ အဓိကအချက်ကတော့ ကျွန်တော့်ထက်ပိုပြီးထွားတဲ့ ၊ ဗလကောင်းတဲ့ ပြိုင်ဘက်တွေနဲ့ ထိပ်တိုက်တွေ့တဲ့ အခါ သူတို့ ကကျွန်တော့်ကို အမြဲအနိုင်ယူသွားသလောက်နီးပါးပါပဲ။ သူတို့ က ကျွန်တော့်ကို ပိုပြီးကြမ်းကြမ်းတမ်းတမ်းထိုးကြိတ်ကြပါတယ်။ ပိုပြီးပြင်းပြင်းထန်ထန် ကန်ကြပါတယ်။ သူတို့ ကို ခွန်အားနဲ့ ကျွန်တော်အသာစီးမရနိုင်ပါဘူး ။ နပန်းလည်း နိုင်အောင် ပြိုင်မလုံးနိုင်ပါဘူး။ ကျွန်တော့်ရဲ့ နည်းပညာကျွမ်းကျင်မှုဟာ သူတို့ ရဲ့ ပိုပြီးကြီးမားတဲ့ ခွန်အားနဲ့ အရွယ်အစားတွေကို မယှဉ်နိုင်ပါဘူး။ ကျွန်တော် ဘယ်လောက်ပဲ အပင်ပန်းခံပြီး ကြိုးစားလေ့ကျင့်ခဲ့ပေမဲ့ ကျွန်တော်သုံးခဲ့ရတဲ့ လက်နက်တွေက ကိုယ့်ကိုယ်ကိုယ်

ကာကွယ်တဲ့ နေရာမှာ ချုပ်ကိုင်စိုးမိုးဖို့ ဆိုတဲ့ ကျွန်တော့်ရဲ့ ရည်မှန်းချက်နဲ့ နီးစပ်အောင် လုပ်ပေးမှာ မဟုတ်ပါဘူး။ Rising Sun ကာရာတေးက လပ် အသင်းပိတ်သွားပြီးတဲ့ နောက်မှာ တော့ ကျွန်တော်ဟာ ကျွန်တော်နေတဲ့ Pennsylvania ပြည်နယ်၊ Lancaster ကျေးလက်စီရင်စုနဲ့ အဲဒီအနီးအနားမှာ ရှိတဲ့ တခြားကာရာတေးကျောင်းနှစ်ကျောင်းမှာ လေ့ကျင့်ခဲ့ပါတယ်။

Philadelphia မြို့က ကောလိပ်ကျောင်းကို ကျွန်တော်တက်တဲ့ အခါ Sensei Randy Hutchins နဲ့ ကျွန်တော် တွေ့ခဲ့ပါတယ်။ သူက ဂျူဂျစ်ဆုကို၊ ပိုပြီးတိတိကျကျပြောရမယ်ဆိုရင် ရှိုဘူရှိဒို-ယူ-ဂျူဂျစ်ဆုကို သင်ပြပေးခဲ့ပါတယ်။ အဲဒီပညာကတော့ တစ်ဖက်က တိုက်ခိုက် လာသူကို ဟန်ချက်ပျက်အောင်လုပ်ပြီး သူ့ရဲ့ အားကို သူ့အပေါ်ပြန်ပြီး သက်ရောက်အောင် လုပ်တဲ့ သဘောတရားလိုဟာတွေကို အသားပေးထားတဲ့ အိုက်ကီ-ဂျူဂျစ်ဆု ဆိုတဲ့ ပညာ ဖြစ်ပါတယ်။ ကျွန်တော်သင်ယူခဲ့တဲ့ ကာရာတေးပညာက မျဉ်းဖြောင့်ပုံစံရှိပေမဲ့ ဂျူဂျစ်ဆု ကတော့ စက်ဝိုင်းပုံစံရှိပါတယ်။ ကာရာတေးကို တိုက်ခိုက်မှုတွေ တစ်သီကြီးပစ်လွှတ်နေတာ လို့ အဓိပ္ပာယ်ဖွင့်ပေမဲ့ ဂျူဂျစ်ဆုကတော့ ပုံသေကားကျမဟုတ်သလို အစနဲ့ အဆုံးရှိပါတယ်။ ဒါပေမဲ့ အလယ်ပိုင်းမှာ အစစ်အမှန်လို့ ပြောလို့ ရတဲ့ အဆင့်တွေ မရှိပါဘူး။ နည်းပညာတစ်ခုစီဟာ လှုပ်ရှားမှုတစ်ခုဖြစ်ပါတယ်။

ကျွန်တော်လေ့လာသင်ယူခဲ့တဲ့ ကာရာတေးက အားကို အားနဲ့ တုံ့ပြန်တဲ့ အပေါ်မှာ အခြေခံပါတယ်။ တိုက်ခိုက်သူက အင်အားအပြည့်ထိုးနှက်မှုတစ်ခုနဲ့ ဝင်လာတဲ့ အခါ သင်က အဲဒီဟာကို ပိတ်ဆို့တားဆီးပါတယ်။ သင့်ရဲ့ ကိုယ်ပိုင်ထိုးနှက်မှုကို ပြန်ပေးပါတယ်။ ကျွန် တော့်အတွက်တော့ တစ်ဖက်ကရန်သူက အားအများကြီးပိုကောင်းနေတဲ့ အခါ အဲဒီ

ဟာကို ခံနိုင်တာထက် အရှုံးဘက်ကိုရောက်သွားဖို့ က ပိုများ နေခဲ့ပါတယ်။ ကျွန်တော်ဘယ်လောက်ပဲ လေ့ကျင့်လေ့ကျင့် အဲဒီအတိုင်းပဲ ဖြစ်နေခဲ့ပါတယ်။ ကျွန်တော့်အတွက် အားကိုအားနဲ့ တုံ့ပြန်တဲ့ ပုံစံကို အလုပ်ဖြစ်အောင် နှစ်နဲ့ ချီပြီးကြာအောင် ကြိုးစားခဲ့ပေမဲ့ မအောင်မြင်ခဲ့ ပါဘူး။ တစ်ခုခုထဲကို ကိုယ့်ကိုယ်ကိုယ် ပစ်သွင်းပြီး ကိုယ်မြှုပ်နှံပေးလိုက်တဲ့ ပင်ပင်ပန်းပန်း ကြိုးစားအားထုတ်မှုတွေအတွက် ဘာရလဒ်ကိုမှ မတွေ့ရတာဟာ အင်မတန် စိတ်ဓာတ် ကျစရာကောင်းပါတယ်။ ဒါပေမဲ့ ကျွန်တော့်ရဲ့ ဂျူဂျစ်ဆုအတွေ့အကြုံကတော့ အဲဒီဟာနဲ့ အင်မတန်ကွာပါတယ်။ အဲဒီပညာက ခွန်အားကိုခွန်အားနဲ့ တုံ့ပြန်တဲ့ အပေါ်မှာ အခြေမခံပါဘူး။ အဲဒီလိုလုပ်မယ့်အစား သင်ဟာ တိုက်ခိုက်လာသူကို သင်နဲ့ ရောနှောပစ်လိုက်တယ်။ သူ့ရဲ့ ဟန်ချက်ကို ဖျက်ပစ်လိုက်တယ်။ သူ့ကိုစိတ်ရှုပ်ထွေးအောင်လုပ်ပြီး သူ့ကိုအလျှော့ပေးလိုက်ပါတယ်။ သင် တော်တယ်ဆိုရင် အဲဒီလိုလုပ်တာဟာ မပင်ပန်းဘူးလို့ ထင်ရပါတယ်။ ဒီကိုယ်ခံပညာပုံစံဟာ အလွန်အမင်းခက်ခဲတဲ့ ကိုယ့်ကိုယ်ကိုယ် ကာကွယ်မှုဖြစ်နိုင်ခြေတွေ၊ ကိုယ့်ထက်ပိုပြီးဗလကောင်းတဲ့ ၊ ထွားကြိုင်းတဲ့ ရန်သူတွေနဲ့ ရင်ဆိုင်ရတာတွေမှာ ကျွန်တော်နဲ့ အများကြီးပိုပြီး လိုက်ဖက်တာကို တွေ့ရပါတယ်။ ဒါပေမဲ့ အဲဒီပညာက ခက်ခဲပါတယ်။ ကျွန်တော် တအားတော်ခဲ့တဲ့ ကာရာတေးရဲ့ လက္ခဏာသွင်ပြင်တွေဟာ ကျွန်တော့်ဆီကို အလွယ်ကလေးရောက်လာခဲ့ပါတယ်။ ကျွန်တော်သိထားတဲ့ အရာတွေနဲ့ လုံးလုံးကြီးဆန့်ကျင်နေတဲ့ သဘောတရားအသစ်တွေကို ခံယူကျင့်သုံးဖို့အတွက် ရှိနေပြီးသား သဘောတရားတွေကို စွန့်ပစ်ဖို့ ဆိုတာဟာ ကြောက်စရာကောင်းနေသလို သက်သောင့်သက်သာလည်း မရှိခဲ့ပါ ဘူး။ ဒါပေမဲ့ အရင်နဲ့ မတူတာတွေ အားလုံးကို အဲဒီအရာက ဖန်တီးပေးခဲ့ပါတယ်။

ကျွန်တော့်ရဲ့ ကိုယ်ခံပညာခရီးစဉ်ဟာ ပြင်းထန်ပြီး ကြိုတင်မျှော်လင့်မထားတဲ့ လမ်းကြောင်းပြောင်းလဲမှုတချို့ကို လိုအပ်ခဲ့ပါတယ်။ အဲဒီလမ်းကြောင်းပြောင်းလဲမှုတွေက ကျွန်တော်သိထား နားလည်ထားတဲ့ အရာတွေအပေါ်မှာ မေးခွန်းထုတ်ဖို့ ကျွန်တော့်ကို တောင်းဆိုလာခဲ့ပါတယ်။ ကျွန်တော့်ရဲ့ အတွေ့အကြုံက သင့်ရဲ့ အသေးစားစီးပွားရေးလုပ်ငန်းနဲ့ ဘယ်လိုများ ဆက်စပ်နေပါသလဲ။ ထိုနည်းတူစွာပဲ သင့်အနေနဲ့ စိတ်မချမ်းသာစရာ ကောင်းတဲ့ အပြောင်းအလဲတချို့ကို လုပ်ဖို့၊ သင်နဲ့ အတူ တော်တော်ကလေးတွဲပြီးပါလာခဲ့တဲ့ အလေ့အကျင့်တချို့ကိုစွန့်ပစ်ဖို့ လိုအပ်လာနိုင်ပါတယ်။ အဲဒီအလေ့အကျင့်တွေဟာ သင်က မှန်တယ်လို့ ယူဆထားတဲ့ အလေ့အကျင့်တွေဖြစ်ချင်ဖြစ်နေပါမယ်။ ဆန်းသစ်တီထွင်မှုကို ရှင်သန်ကြီးထွားလာစေဖို့ အတွက် အဲဒီအလေ့အကျင့်တွေကို ပြောင်းလွယ်ပြင်လွယ်ရှိတဲ့ စိတ်ဓာတ်၊ အလိုက်သင့်ဖြစ်အောင် ပြောင်းလဲနိုင်စွမ်း၊ နယ်ပယ်သစ်တိုးချဲ့ဖို့ လိုလားမှုတွေနဲ့ အလဲအလှယ် လုပ်ပစ်ဖို့၊ တချို့ကိစ္စတွေမှာ ဆိုရင် လုံးဝအခြေခံကစပြီး အလဲအလှယ် လုပ်ပစ်ဖို့ လိုအပ်ပါတယ်။ သင့်အနေနဲ့ သင့်ရဲ့ မဟာဗျူဟာရည်မှန်းချက်တွေကို ရှင်းရှင်းလင်းလင်းသိထားဖို့၊ သင့်ရဲ့ အဖွဲ့အစည်းနဲ့ ပြိုင်ဘက်တွေရဲ့ အပေါ် ထိုးထွင်းပြီးမြင်တဲ့ အမြင် ရှိဖို့ လိုအပ်ပါတယ်။ အဲဒီအမြင်ဟာ သင့်ရဲ့ စစ်မြေပြင်အပေါ် ရိုးရိုးသားသား အကဲဖြတ်ဖို့ လိုအပ်ပါတယ်။ အဲဒီလမ်းကြောင်းကို ဆွန်ဇူးက မီးမောင်းထိုးပြထားပါတယ်။

*

## အပိုင်း တစ်
## ဆွန်ဇူးနှင့် အတူ အသာစီးရမှုကို ဖမ်းယူဆုပ်ကိုင်ထားပါ

ပထမအခန်းနှစ်ခန်းထဲမှာ တင်ပြထားတဲ့ ဆွန်ဇူးနဲ့ သေနင်္ဂဗျူဟာ စာအုပ်အပေါ် ဝေဖန်သုံးသပ်ချက်ထဲမှာ သင့်အနေနဲ့ အသေးစားစီးပွား ရေးလုပ်ငန်းရဲ့ အဓိကကျတဲ့ ယေဘုယျအားနည်းချက်၊ အားသာချက် တွေကို လေ့လာစူးစမ်းရပါလိမ့်မယ်။ အဲဒီအချက် တွေဟာ ဒီစာအုပ်တ စ်အုပ်လုံးမှာ ခဏခဏပြန်ပါနေမယ့် ပိုပြီးအဆင့်မြင့်တဲ့ သဘော တရား တွေဆီကို ဦးတည်တဲ့ အခြေခံအုတ်မြစ်တွေဖြစ်ပါတယ်။ မျိုးဆက်ပေါင်းများ စွာရဲ့ အပေါ်မှာ ဒီသေနင်္ဂဗျူဟာစာအုပ်ရဲ့ သက်ရော က်မှုကို သင်နားလည်ပြီး အသေးစားစီးပွား ရေးလုပ်ငန်းအတွက် သေနင်္ဂဗျူဟာ စာအုပ်ကို ဘယ်လိုအသုံးချရမယ်ဆိုတာကို သိလာပါ လိ မ့်မယ်။ ကျွန်တော့်ရဲ့ ဘာသာပြန်ဆိုပုံ ပြန်ဆိုနည်းအကြောင်းကို သင် သိရမှာ ဖြစ်ပြီး ဘယ်လောက်ပဲ ဆွဲဆောင်မှုရှိသည် ဖြစ်စေ ဆွန်ဇူးကို ဘယ်လိုပုံစံမျိုးနဲ့ တော့ မသင်ယူပါ နဲ့ ဆိုတဲ့ သတိပေးမှုတချို့ကိုလည်း သင်ရရှိမှာ ဖြစ်ပါတယ်။

*

# (၁)
# ဆွန်ဇူးနှင့် သေနင်္ဗျူဟာ

ဒီအခန်းမှာ ဆွန်ဇူးနဲ့ သေနင်္ဗျူဟာ နဲ့ ပတ်သက်တဲ့ အခြေခံကျတဲ့ နောက်ခံသမိုင်း ကြောင်းတွေပါတယ်။ ဒီအခန်းဟာ သမိုင်းဆိုင်ရာအဆ င့်မြင့်အကြောင်းအရာတွေကို သင်နားလည်လာအောင် လုပ်ပေးမှာ ဖြစ်ပြီး အဲဒီအကြောင်းအရာတွေထဲက သင့်ရဲ့ အသေးစားစီးပွားရေးလု ပ်ငန်းမှာ အသုံးချနိုင်မယ့် သင်ခန်းစာတွေ ပေါ်ထွက်လာပါလိမ့်မယ်။

## ဆွန်ဇူးနှင့် ပတ်သက်၍

ဆွန်ဇူးဟာ တရုတ်တွေးခေါ်ပညာရှင်ကြီး ကွန်ဖြူးရှပ်နဲ့ တစ်ပြိုင်တ ည်း ပေါ်ထွက် လာခဲ့သူဖြစ်ပါတယ်။ သူဟာ တရုတ်နိုင်ငံမှာ အုတ်အုတ် ကျက်ကျက်ဖြစ်နေတဲ့ ဘီစီ ၅၄၄ ခုနှစ်ကနေ ၄၉၆ ခုနှစ်အထိ ကာလအ တွင်း နေထိုင်ခဲ့တယ်လို့ ယုံကြည်ရပါတယ်။ 'ချောင်' မင်းဆက် အင် အားချည့်နဲ့ နေတဲ့ အဲဒီကာလအတွင်းက တရုတ်နိုင်ငံမှာ အာဏာအတွ က် အဆက်မပြတ်ပြိုင်ဆိုင်နေတဲ့ နိုင်ငံပေါင်း ၁၅၀ ကျော် ရှိပါတယ်။ ဒီ နိုင်ငံတွေဟာ တစ်နိုင်ငံ နဲ့ တစ်နိုင်ငံစစ်ခင်းကြရင်းနဲ့ နောက်ဆုံးမှာ အ ဓိကနိုင်ငံ ၁၃ နိုင်ငံပဲ ကျန်ခဲ့ပါတယ်။ အဲဒီအထဲကခုနစ်နိုင်ငံမှာ ကျန်တဲ့ နိုင်ငံတွေအားလုံးထက်သာလွန်ကောင်းမွန်တဲ့ စစ်သည် တွေနဲ့ အရင်း အမြစ်တွေ ရှိပါတယ်။ အဲဒီခေတ်ဟာ နောင်ရောက်ရှိလာမယ့်နိုင်ငံတွေ အကြား စစ်မက်ဖက်ပြိုင်ကြတဲ့ ကာလတစ်ခုကို အစပျိုးခဲ့ပါတယ်။

ဆွန်ဖူး ဆိုတဲ့ နာမည်ဟာ သေနင်္ဗျူဟာ ဆိုတဲ့ စကားလုံးနဲ့ ယှဉ်တွဲနေတဲ့ နာမည်ဖြစ်ပါတယ်။ သူ့ကို ကင်ပွန်းတပ်ခဲ့တဲ့ နာမည်က ဆွန်ဂူးဖြစ်ပါတယ်။ သူဟာ 'ချင်' ဆိုတဲ့ မှူးမတ်မျိုးရိုးက ပေါက်ဖွားခဲ့သူဖြစ်ပါတယ်။ စစ်မှုရေးရာ သီအိုရီစာသင် ကျောင်းသားတစ်ယောက်ဖြစ်တဲ့ သူဟာ စစ်အင်အားကြီးထွားဖို့ တာစူနေတဲ့ 'ဂူ' နိုင်ငံကို ခရီးထွက်ခွာခဲ့ပါတယ်။ ဆွန်ဖူးကို အထင်ကြီးလေးစားတဲ့ ဂူနိုင်ငံဘုရင်ဟာ သူ့ကို ခေါ်ပြီး စစ်သည် တွေရဲ့ စည်းကမ်းထိန်းသိမ်းရေးကို ဦးဆောင်ဖို့ နဲ့ သူ့နိုင်ငံရဲ့ ချဲ့ထွင်ရေးမဟာဗျူဟာ မှာ ဗိုလ်ချုပ်ကြီးဝူဇီဆူကို ကူညီဖို့ တာဝန်ပေးခဲ့ပါတယ်။

ဂူနိုင်ငံရဲ့ ထိပ်ဆုံးက ရန်သူဟာ ချူနိုင်ငံ ဖြစ်ပါတယ်။ 'ချူ' ဟာ မဟာအင် အားကြီးနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ အတွက် သူတို့ ထက် ပိုပြီးအင်အားကြီးမားတဲ့ ရန်သူကို အနိုင်ယူဖို့ မဟာဗျူဟာတစ်ခုကို သေသေချာချာကြံစည်စိတ်ကူးပြီး အကောင်အထည်ဖော်ဖို့ လိုအပ်တယ်ဆိုတာကို ဂူဘုရင်၊ ဗိုလ်ချုပ်ကြီးဝူဇီဆူနဲ့ ဆွန်ဖူးတို့ က သိခဲ့ကြပါတယ်။ ဒါ ကြောင့် သူတို့ ဟာ သူတို့ ရဲ့ စစ်တပ်တွေကို သုံးခုခွဲပြီး အင်အားကြီးတဲ့ ချူနိုင်ငံကို ဝင် တိုက်ပြီးထွက်ပြေးတဲ့ ပုံစံနဲ့ တိုက်ခိုက်မှုတွေလုပ်ခဲ့ပါတယ်။ 'ဂူ ' ဟာ ဒီမဟာဗျူဟာကို ငါးနှစ် ကြာအောင် ကျင့်သုံးခဲ့ပါတယ်။ အဲဒီမဟာဗျူဟာ အလုပ်ဖြစ်ခဲ့ပုံက ဒီလိုပါ။ 'ဂူ' တပ်မ ကြီးတစ်ခုက ချူနိုင်ငံကို ချဉ်းကပ်ခဲ့တဲ့ အတွက် ချူနိုင်ငံရဲ့ ဧရာမတပ်ကြီး ထွက်ပေါ်လာ ပါတယ်။ အဲဒီအခါမှာ တော့ 'ဂူ' က ဆုတ်ခွာသွားပါတယ်။ အဲဒီနောက် 'ချူ ' က ပြန်ဆုတ်သွားတဲ့ အခါ 'ဂူ' က ထွက်လာပြန်ပါတယ်။ ငါးနှစ်ကြာတဲ့ အထိ 'ဂူ' ဟာ ဒီအတိုင်းပဲ သူ့ရဲ့ ရန်သူတွေကိုဆွပေးပြီး စစ်ပန်းအောင် လုပ်ဖို့ ၊ အမှားတွေလုပ်မိအောင် ဖန်တီးဖို့ ကြိုးစားခဲ့ပါတယ်။ အဲဒီလိုလုပ်တာဟာ အလုပ်ဖြစ်သွားခဲ့ပါတယ်။ 'ချူ' ဟာ ဆုံးရှုံးမှုတွေနဲ့ အကြီး

အကျယ်ကြီးတွေ့ခဲ့ရပါတယ်။ အဲဒီနောက် ဆဌမမြောက် နှစ်ဖြစ်တဲ့ ဘီစီ ၅၀၆ ခုနှစ်မှာ တော့ 'ဂူ' ဟာ အဆုံးအဖြတ်ပေးမယ့် ထိုးစစ်ကြီးကို ဆင်နွှဲပြီး စစ်ပွဲကြီးငါးခုကို အနိုင်ရခဲ့တဲ့ အတွက် ချူနိုင်ငံရဲ့ မြို့တော် 'ရင်' ကို သိမ်းပိုက်နိုင်ခဲ့ပါတယ်။

## သေနင်္ဗျူဟာနှင့် ပတ်သက်၍

မဟာဗျူဟာနဲ့ ပတ်သက်တဲ့ အစောဆုံးနဲ့ ကြာရှည် အတည်တံ့ဆုံး ကျမ်းကြီးဖြစ်ပြီး စစ်မြေပြင်အတွက် အစောဆုံးလက်ရာတစ်ခုလည်း ဖြစ်တာသေချာတဲ့ သေနင်္ဗျူဟာဟာ အရှေ့ဖျားဒေသမှာ စစ်ရေးနဲ့ နိုင်ငံရေးလှုပ်ရှားမှုတွေအတွက် ခိုင်မာပြီး ယုံကြည်စိတ်ချရတဲ့ လမ်းညွှန်ချက်တစ်ခုဖြစ်ပါတယ်။ အဲဒီနောက် ဒီကျမ်းဟာ ကမ္ဘာတစ်ဝန်းလုံးမှာ စစ်ရေး၊ နိုင်ငံရေးနဲ့ စီးပွားရေး အခင်းအကျင်းတွေမှာ ထင်ရှားပြီး မကြာခဏလေ့လာရတဲ့ ကျမ်းတစ် ဆူဖြစ်လာခဲ့ပါတယ်။ သေနင်္ဗျူဟာ ဟာ စကားလုံးပေါင်း ခုနစ်ထောင်လောက်ပဲပါပြီး တိုတိုနဲ့ ကျစ်လျစ်ပြည့်စုံတဲ့ အရေးအသားတစ်ခုဖြစ်သလို စာအုပ်ထဲမှာ ပါဝင်တဲ့ အရာတွေဟာ အတိုင်းမသိအောင်နက်နဲပြီး အသုံးဝင်မှုတွေကလည်း အနန္တဖြစ်ပါတယ်။

သေနင်္ဗျူဟာ ဟာ စီးပွားရေးကျောင်းတွေနဲ့ စစ်သင်တန်း ကျောင်းပေါင်းများ စွာ မှာ ဖတ်ဖို့ လိုတဲ့ စာအုပ်ဖြစ်သလို စီးပွားရေးခေါင်းဆောင်တွေအတွက်လည်း မဖြစ်မနေ ဖတ်ရမယ့်စာအုပ်ဖြစ်ပါတယ်။ ရာစုနှစ်ပေါင်းများ စွာအတွင်းမှာ အင်အားစုပေါင်း ဘယ်လောက်များများက ဆွန်ဇူးကို အသုံးချခဲ့တယ်ဆိုတာကို ကျွန်တော်တို့ ဘယ်လိုမှ မသိနိုင်ပါဘူး ။ ဒီစာအုပ်ကို ၁၇၇၂ ခုနှစ်မှာ ပြင်သစ်ဘာသာကို ပထမဆုံးဘာသာပြန်ဆိုခဲ့ပြီး ပထမဆုံး အနေနဲ့ အင်္ဂလိပ်ဘာသာကို ပြန်ဆိုပြီး သုံးသပ်ချက် အပြည့်အစုံလုပ်ထားတဲ့ စာအုပ်ကိုတော့ ၁၉၁၀ ပြည့်နှစ်မှာ ဗြိတိသျှစာ

ရေးဆရာကြီး Lionel Giles က ထုတ်ဝေခဲ့ပါတယ်။ ဗီယက်နမ် စစ်ပွဲကာလအတွင်းမှာ မြောက်ဗီယက်နမ်က ဒီစာအုပ်ကို အောင်မြင်မှုတော်တော်ရတဲ့ အထိ အသုံးပြုခဲ့ပါတယ်။ အဲဒီစစ်ပွဲဟာ အမေရိကန်စစ်ဘက်က ဆွန်ဇူးကို အာရုံစိုက်လာအောင် ပထမဆုံးလုပ်ပေးလိုက်တဲ့ စစ်ပွဲဖြစ်တယ်လို့ ဆိုကြပါတယ်။ ဗိုလ်ချုပ်ကြီး 'ဗိုငုရင်ဂီယက်' ဟာ ပြင်သစ်တွေရဲ့ ဝင်ရောက်စွက်ဖက်မှုကို အဓိကအဆုံးသတ်ပေးခဲ့တဲ့ အလှည့်အပြောင်းတစ်ခုဖြစ်တဲ့ 'ဒိန်ဘင်ဖူး' တိုက်ပွဲအတွင်းမှာ သေနင်္ဗျူဟာ ထဲမှာဖော်ပြထားတဲ့ နည်းဗျူဟာတွေကို အောင်အောင်မြင်မြင် အကောင်အထည်ဖော်ခဲ့ပါတယ်။ အဲဒီ နောက်ပိုင်းမှာ ဗီယက်နမ်က အမေရိကန်တပ်တွေအပေါ်ရခဲ့တဲ့ အောင်ပွဲရမှုတွေရဲ့ နောက်ကွယ်က စီစဉ်ညွှန်ကြားခဲ့သူဖြစ်တဲ့ ဗိုလ်ချုပ်ကြီး 'ဗို' ဟာ ဆွန်ဇူးရဲ့ အယူအဆတွေကို စွဲစွဲလမ်းလမ်း လေ့လာသင်ယူခဲ့သူနဲ့ လက်တွေ့ကျင့်သုံးခဲ့သူတစ်ယောက်ဖြစ်ပါတယ်။ သေနင်္ဗျူဟာ ဟာ မော်စီတုံးနဲ့ တခြားကွန်မြူနစ် သူပုန်တွေအပေါ်မှာ လွှမ်းမိုးမှုရှိခဲ့တယ် လို့ လည်း ချီးကျူးကိုးကားတာကို ခံခဲ့ရပါတယ်။ အမေရိကန်စစ်ဗိုလ်ချုပ်နှစ်ဦးဖြစ်တဲ့ Norman Schwarzkopf နဲ့ Colin Powell တို့ ဟာလည်း ပထမပင်လယ်ကွေ့စစ်ပွဲအတွင်းက ဆွန်ဇူးကို လက်တွေ့အသုံးချခဲ့ကြပါတယ်။

ဒါပေမဲ့ ဒီနေရာမှာ ကျွန်တော်တို့ အတွက် စိတ်ဝင်စားမှု အကြီးမားဆုံးဖြစ်တဲ့ အရာ ကတော့ ဆွန်ဇူးရဲ့ ရေရှည်ခိုင်မာတဲ့ လုပ်ငန်းပိုင်းဆိုင်ရာအကြောင်းအရာပဲဖြစ်ပါတယ်။

အမေရိကန်နိုင်ငံတစ်ဝန်းလုံးက MBA သင်ရိုးတွေမှာ ဆွန်ဇူးကို လေ့လာသင်ယူ ကြပါတယ်။ နိုင်ငံပေါင်းစုံမှာ လုပ်ငန်းလုပ်ကိုင်နေတဲ့ ကော်ပိုရေးရှင်းကြီးတွေကလည်း လေ့လာကြပါတယ်။ စီးပွားရေးလုပ်ငန်းကို စစ်ပွဲနဲ့ ဥပမာတင်စားပြီး နားလည်ဖို့ အတွက် ဒီစာအုပ်ကိုအသုံးချပြီး

အထူးသဖြင့် အသေးစားစီးပွားရေးလုပ်ငန်းတွေကို ကောင်းကောင်း အကျိုးပြုနေပါတယ်။ ဒီနေ့ဆိုရင် အရွယ်အစားအမျိုးမျိုးရှိတဲ့ ကုမ္ပဏီပေါင်းများ စွာဟာ သူတို့ ရဲ့ တိုးတက်ကြီးထွားမှုအတွက် ဂေဟစနစ်တိုးတက်ဖွံ့ဖြိုးရေး၊ မဟာဗျူဟာမဟာမိတ်တွေနဲ့ ကွန်ရက်တွေ၊ ပွင့်လင်းမြင်သာမှုရှိတဲ့ အသုံးချသူ အသိုက်အဝန်းတွေနဲ့ လွတ်လပ်တဲ့ ဆန်းသစ်တီထွင်မှုတွေလို အခြေခံသဘောတရားတွေအပေါ်မှာ အခြေပြုနေကြပါတယ်။ အဲဒီလိုသဘောတရားတွေဟာ ပထမတော့ စစ်ရေးမဟာဗျူဟာနဲ့ ဆန့်ကျင်ဘက်ဖြစ် ကောင်းဖြစ်နေပါမယ်။ ဆွန်ဇူးဟာ ရှေ့ပိုင်းက မျိုးဆက်တွေမှာ ပိုပြီးခေတ်စားခဲ့တဲ့ အာဏာ ရှင်ခေါင်းဆောင်မှုပုံစံနဲ့ ပိုပြီးမသင့်တော်ဘူးလား။ အဲဒီယူဆချက်က ဒီပညာရှင်ကြီးအပေါ် လူတွေကနားလည်ထားတဲ့ နားလည်မှုမှာ အကန့်အသတ်တွေ ရှိနေသေးတယ်ဆိုတာကို ပြနေပါတယ်။ အဲဒါကြောင့် စီးပွားရေးလုပ်ငန်းကို လုပ်ကိုင်တဲ့ အဲဒီလုပ်နည်းလုပ်ဟန်ဟာ ဒီနေ့အသေးစားစီးပွားရေး လုပ်ငန်းကလေးတွေ ရှင်သန်ကြီးထွားနေတဲ့ ၊ ပူးပေါင်းဆောင်ရွက်တဲ့ ၊ ပွင့်လင်းတဲ့ ၊ တက်ကြွအားပါတဲ့ နည်းလမ်းတွေအတွက် လုံလောက်မှုမရှိတာ သေချာပါတယ်။

## အသေးစားစီးပွားရေးလုပ်ငန်းအတွက် ဆွန်ဇူး၊ မဟာဗျူဟာနှင့် မုတ်ဆိတ်ပျားစွဲသော အခွင့်ကောင်း

စီးပွားရေးလုပ်ငန်းတွေနဲ့ တခြားလုပ်ငန်းတွေအတွက် ဆွန်ဇူးကို အသုံးချတဲ့ စာအုပ်တွေ အများကြီးရှိပါတယ်။ ကျွန်တော့်ရဲ့ ကနဦးဆီလျော်အောင်ရေးသားမှုကတော့ အမျိုးသမီးများ အတွက် ဆွန်ဇူး၊ စီးပွားရေးလုပ်ငန်းတွင် အောင်မြင်ရေးအတွက် သေနင်္ဂ ဗျူဟာ ဆိုတဲ့ စာအုပ်ဖြစ်ပါတယ်။ စာရေးသူတွေဟာ အခွင့်အရေးသမားတွေ ဖြစ်နေသလား။ အဲဒီလိုလည်း ဖြစ်ကောင်းဖြစ်နေပါလိမ့်မယ်။ ဒါပေမဲ့ ကျွန်တော့်

အနေနဲ့ ကတော့ ကျွန်တော့်ကိုယ်ကျွန်တော်အတွက်ပဲ ပြောလို့ ရပါတယ်။ အဖြစ်မှန်က ဒီလိုပါ။ အမျိုးသမီးများ အတွက် ဆွန်ဇူး စာအုပ်ဟာ မထင်မှတ်ဘဲအောင်မြင်သွားခဲ့တယ်လို့ ပြောလို့ ရပါတယ်။ အဲဒါဟာ ကျွန်တော့်ရဲ့ သဘောထားအမြင်မဟုတ်ပါဘူး။ ဒါပေမဲ့ အနီးကပ်စူးစမ်းလေ့လာကြည့်တဲ့ အခါမှာ အင်မတန်ဆွဲဆောင်မှုရှိတယ်ဆိုတဲ့ အခွင့်အလမ်းတစ်ခုပေါ်ထွက် လာခဲ့ပါတယ်။ ဒီတစ်ကြိမ်မှာ စီးပွားရေးလုပ်ငန်းထဲက အမျိုးသမီးတွေအတွက် သူ့ရဲ့ သွယ် ဝိုက်ပတ်သက်မှုကို အသစ် ပြန်ဖောင်းပေးပြီး သေနင်္ဂဗျူဟာ ကို ကျွန်တော် လေ့လာတဲ့ အခါ အဲဒီ အသုံးဝင်မှုကို ကျွန်တော် တွေ့ခဲ့ရတာဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တွေ့ခဲ့တာက အဲဒါ အကုန်မဟုတ်သေးပါဘူး။

အမျိုးသမီးများ အတွက် ဆွန်ဇူး စာအုပ်ကို ကျွန်တော်ရေးနေတဲ့ အချိန်မှာ ဒီသဘောတရားတွေဟာ ပိုပြီးသေးငယ်တဲ့ အင်အားစုတွေကို အင်အားကြီးမားတဲ့ အဖွဲ့အစည်းကြီးတွေ ဖြစ်လာအောင် ဘယ်လိုပုံဖော်တည်ဆောက်ပေးနိုင်တယ်ဆိုတာကို ကျွန်တော် ခဏခဏပြန်ပြီး အကြိုက်ကြီး ကြိုက်ခဲ့ပါတယ်။ နှစ်အတော်ကြာ ကျွန်တော်နဲ့ အတူ အလုပ်လုပ်ခဲ့တဲ့ အသေးစား စီးပွားရေးလုပ်ငန်း ကလေးတွေက လုပ်ငန်းရှင်တွေ၊ CEO တွေ၊ ခေါင်းဆောင်တွေအားလုံးရဲ့ အကြောင်းတွေကို ကျွန်တော် စဉ်းစားခဲ့ပါတယ်။ အဲဒီစာအုပ်ကို မရေးခင် Q2 Marketing ဆိုတဲ့ လုပ်ငန်းကလေးကို ပူးတွဲ တည်ထောင်ပြီးမကြာခင်မှာ ပဲ သေနင်္ဂဗျူဟာ စာအုပ်ကို ကျွန်တော် ပြန်ဖတ်ခဲ့ပါတယ်။ အဲဒီလုပ်ငန်းကလေးကို ၂၀၁၁ ခုနှစ်မှာ ကျွန်တော်တို့ ရောင်းပစ်လိုက်ပါတယ်။ အဲဒီအချိန်မှာ ကျွန်တော့်ရဲ့ အမြင်က ကြီးမားပေမဲ့ လူတွေ ပြည့်နေပြီးသားနေရာတစ်ခုထဲကို ဝင်လာတဲ့ စွန့်ဦးတည်ထွင်သူအသစ် တစ်ယောက်လိုပါပဲ။ ယှဉ်ပြိုင်မှုရှိတဲ့ အခြေအနေတစ်ခုထဲမှာ အဲဒီစာအုပ်ကို ကျွန်တော် လေ့လာခဲ့ပါ

တယ်။ ဒါပေမဲ့ ဒီနေ့တော့ အဲဒီစာအုပ်ကို တခြားပုံစံတစ်မျိုးနဲ့ ကျွန်တော် ပြန်ဖတ်ပါတယ်။ အဲဒါကို မားကက်တင်းနဲ့ မဟာဗျူဟာ အကြံပေးပုဂ္ဂိုလ်တစ်ယောက်ရဲ့ မှန်ဘီလူးနဲ့ ကျွန်တော်ကြည့်ပါတယ်။ ဆွန်ဇူးရဲ့ သေနင်္ဂဗျူဟာ စာအုပ်ဟာ သင့်ရဲ့ အသေးစားလုပ်ငန်း ကလေးအတွက်လည်း လေးနက်တဲ့ အသုံးဝင်မှုရှိနေတယ်ဆိုတာကို သင်တွေ့လိမ့်မယ်လို့ ကျွန်တော် ထင်ပါတယ်။

သေနင်္ဂဗျူဟာ ဟာ အခွင့်အလမ်းတွေကိုဖော်ထုတ်ပြီး အမိဖမ်းဖို့ ကျွန်တော့်ကို အကူအညီပေးခဲ့ပြီး အောင်မြင်မှုအတွက် အသာစီးရတဲ့ အခြေအနေတွေကိုဖန်တီးဖို့ ကျွန်တော့်ကို လမ်းညွှန်ပေးခဲ့ပါတယ်။ အခွင့်အလမ်းမှန်သမျှကို ကောင်းကောင်း အသုံးချဖို့ အဲဒီစာအုပ်က သင့်ကို ကူညီပေးနိုင်ပါတယ်။ ပြီးတော့ ပိုပြီးသေးငယ်တဲ့ အင်အားစုတစ်ခုကို သူ့ထက် ပိုပြီးကြီးမားတဲ့ အင်အားစုတစ်ခုထက် သာလွန်သွားအောင် မွမ်းမံပေးခြင်းဟာ အချက်အချာကျပြီး ဆွန်ဇူးက အခိုင်အမာပြောချင်တဲ့ အာဘော်တစ်ခုဖြစ်တယ်ဆိုတာကို သင်မြင်တွေ့ရမှာ ဖြစ်ပါတယ်။

*